မိကျောင်းသိုက်ကျေးရွာ

ပုလောမြို့နယ်၊
မြိတ်ခရိုင်တနင်္သာရီတိုင်းဒေသကြီး
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)






ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိကျောင်းသိုက်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ နှစ်၊ မတ် လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	မိကျောင်းသိုက်ကျေးရွာ သယံဇာတပြဓေမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) ငါးလုပ်ငန်း	
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ


အုပ်ချုပ် ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၁၉ခုနှစ်၊ မတ် လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိကျောင်းသိုက်ကျေးရွာ
ပုလောမြို့နယ်

မိကျောင်းသိုက်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မိုးခြိုး	မိုးခြိုး	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	စပါး၊ကျဘမ်း	စပါး၊ကျဘမ်း	စပါး၊ကျဘမ်း	စပါး၊ကျဘမ်း	စပါး၊ကျဘမ်း	စပါး၊ကျဘမ်း	ကျဘမ်း	ကျဘမ်း	ကျဘမ်း	ကျဘမ်း	ကျဘမ်း	ကျဘမ်း	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	သင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂ ယျာဉ်(၁၀ကေ)	၂ ယျာဉ် (၅-၁၀)ကေ	၂ ယျာဉ် (၁-၅)ကေ	မရှိ
အိမ်အခြေအနေ	တိုက်၊သွပ်မိုး	ပျဉ်ထောင်	ပျဉ်ခင်း၊ဓနိမိုး	သစ်တိုင်၊ဝါး၊ဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	မြက်ရိတ်စက်	မြက်ရိတ်စက်	မြက်ရိတ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ကောင်း	မျှတ	အကြွေးရှိ	ကျဘမ်း
အိမ်ထောင်စု	၂၅ အိမ်(၁၉.၈)%	၂၅အိမ်(၁၉.၈)%	၂၈အိမ်(၂၂.၂)%	၄၈အိမ်(၃၈.၁)%

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မိကျောင်းသိုက်ကျေးရွာသည် မိကျောင်းသိုက်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၃မိနစ် ၀၉စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၄၇မိနစ်၊ ၁၅စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် တနင်္သာရီမြို့နယ်၊ ၊အနောက်ဘက်တွင် ရှမ်းဒွတ်ကျေးရွာအုပ်စု ၊တောင်ဘက် တွင် ပုလောဖျားကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ထမင်းမစားကျေးရွာအုပ်စုတို့နှင့် ထိစပ်လျှက်ရှိပြီး အရှေ့မှ အနောက်သို့ (၇.၆၀)မိုင်နှင့် တောင်မှ မြောက်သို့ (၅.၈၅)မိုင် ရှည်လျားပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မိကျောင်းသိုက်ကျေးရွာအုပ်စုသည် တောင်ကုန်းတောင်တန်းများ ပေါများသော ဒေသဖြစ်ပြီး မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပါသည်။ မိကျောင်းသိုက်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံး အပူချိန်မှာ(၇၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ မိကျောင်း သိုက်ကျေးရွာ၏ အမြင့်ဆုံးမိုး ရေချိန်မှာ(၁၉၅)လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ(၉၅)လက်မ ဖြစ်ပါသည်။မိကျောင်း သိုက်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်း အမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အနည်းငယ်ထွက်ရှိပါသည်။ တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါး နေပြီဖြစ် ပါသည်။ သဘာဝ အပင်မျိုး စိတ်များ(ကာရဝေး၊ဂျာမနီ၊လောက်သေ၊သတ်ရင်ကြီး၊ ဖလံတောင်မွေး၊ ဆင်တုံး မန္တယ်) စသည့်ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက် ဝင်သည့်အပင်များ ပေါက် ရောက်သည့် ဒေသ တစ်ခုဖြစ် ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မိကျောင်းသိုက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၆) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၇၃၅) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ **မိကျောင်းသိုက်ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များ အားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏ လိုအပ် ချက်များနှင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲ**

မရှိစေရန်အလေးထားဆောင်ရွက်နေပါ သည်။ကာလာသား၊ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေး အတူတကွစုပေါင်း လုပ်ကိုင်နေကြပါသည်။ မိကျောင်းသိုက် ကျေးရွာတွင် ပြင်ပအဖွဲ့အစည်း(NGO,INGO)များ မှ လာရောက်ကူညီခြင်းမရှိပါ။ အစိုးရဌာနဆိုင်ရာများမှ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လာရောက် လုပ်ကိုင် ပေးလျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) **သီးနှံ စိုက်ပျိုးရေး**

မိကျောင်းသိုက်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၉၈၄.၅)ဧကော ရှိပါသည်။ မိကျောင်းသိုက်ကျေးရွာတွင် ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၇.၉၄%)၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၉.၃၆%) ၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃၀.၉၅%) ၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၇.၄၆%) စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင် စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၇.၉၄%) ခန့်ရှိပါသည်။ မိကျောင်းသိုက် ကျေးရွာတွင် ဥယျာဉ်ခြံနှင့်ရာဘာကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါ လုပ်ငန်းများတွင် နေ့စားလုပ် သား များ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေ ကြသည့် အိမ်ထောင်စုများ လည်းရှိကြ ပါသည်။

(ခ) **မွေးမြူရေးနှင့် ငါးလုပ်ငန်း**

မိကျောင်းသိုက်ကျေးရွာတွင် ကျွဲ၊နွား၊ဝက် တို့အား တစ်ပိုင်တစ်နိုင် သာမွေးမြူကြပါ သည်။ ဆိတ်မွေးမြူရေးမှာ တစ်အိမ် မွေးမြူလျက်ရှိပါသည်။မြစိမ်းရောင်ချေးငွေဖြင့် ဧလားဘီးရားငါးမွေးမြူသည့်အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ တိရစ္ဆာန် မွေးမြူရန် အိမ်ခြံဝင်း အတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိခြင်း၊ ချေးငွေရရှိခြင်းတို့ကြောင့် စီးပွားဖြစ် မွေးမြူချင်သော်လည်း ဒေသမျိုးကိုသာ မွေးမြူကြသောကြောင့် မွေးမြူ ရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။မိကျောင်းသိုက်ကျေးရွာတွင် မွေးမြူရေးအတွက် ဒေသမျိုးကိုသာ အသုံးပြုရခြင်း၊ တိရစ္ဆာန်မျိုးများ ဝယ်ယူရန် လမ်းခရီး ဝေးလံခြင်း၊နည်းပညာဝန်ဆောင်မှု ရရှိမှုအားနည်းခြင်းတို့ကမွေးမြူရေးလုပ်ကိုင်ရန် အဟန့်အတားများဖြစ်စေပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

မိကျောင်းသိုက်ကျေးရွာတွင် လယ်နှင့် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများ အဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အဝတ်ချုပ်ခြင်းစသည့် အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင် သည့် အိမ်ထောင်စု(၂၀)စုရှိပါသည်။ အခြားအသက်မွေး မှု နည်းပညာ များ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး သောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွား ရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါ သည်။ မိကျောင်းသိုက်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။ **မိကျောင်းသိုက်ကျေးရွာတွင် မည်သည့်ထုတ်ကုတ်မျှထုတ်လုပ်မှုမရှိ ခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှုအားနည်းခြင်း၊အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်း မှီမှုအားနည်းခြင်း၊မိရိုးဖလာဥယျာဉ်ခြံလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။** လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ လျှပ်စစ်မီးရမရှိနိုင်ခြင်းနှင့်နည်းပညာတန်ဆောင်မှု မရရှိခြင်းက ကျေးရွာ၏ အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်ရန် အဟန့်အတားဖြစ်စေပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (အပ်ချုပ်၊အသေးစားစက်ပြင်၊အလှပြင်၊မုန့်လုပ်)သင်တန်း ပြုလုပ်ပေးခြင်းအတွက် နည်းပညာ ဝန်ဆောင် မှုများ ရရှိရန် လိုအပ်နေပါသည်။

(ဃ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

မိကျောင်းသိုက်ကျေးရွာတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု အနည်းငယ် သာရှိပြီး ပုံစံ (၇) ရှိသော်လည်း ချေးငှါးခြင်းမရှိပါ။ ထိုကြောင့် ပုံစံ(၇) လျှောက်ထားပြီးဖြစ်သော်လည်း ချေးငှါး ခြင်းမရှိသေးပါ။မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေ ရရှိပါသည်။ကျေးရွာတွင် ငွေချေးပေးသူ(၅)ဦး ခန့်ရှိပြီး အတိုးကျပ်(၃%) ပေးရပါသည်။ လတ်တလောငွေလိုအပ်ပါက မိတ်ဆွေနှင့်ဆွေးမျိုးများမှ ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) **ကျေးလက် သယ်ယူပို့ဆောင်ရေး**

မိကျောင်းသိုက်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ/သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ကားတို့မှာ သွားလာရေးနှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ လှေ(၁)စီး၊ စက်ဘီးစီးရေမှာ (၉)စီး ၊ဆိုင်ကယ် (၉၄)စီး၊ သုံးဘီး(၁)စီး၊ မော်တော်ကား(၁)စီးနှင့် နွားလှည်း(၁၂)စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ **မိကျောင်းသိုက်ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း(၅)လမ်းရှိပြီး ရွာတွင်းလမ်း(၃)လမ်းရှိပါသည်။ဇင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ကျေးရွှေချင်းဆက်လမ်း (၅)လမ်းရှိသည့်အနက် မိကျောင်းသိုက် - အထက်ထိခိုင်ကျေးရွာချင်းဆက်လမ်း (၀/၃)မိုင်၊ မိကျောင်း သိုက်-ရှမ်းသုံးတောင် ကျေးရွာချင်းဆက်လမ်း (၁/၀)မိုင်၊မိကျောင်းသိုက်-ဘန်ခါးကျေးရွာချင်း ဆက်လမ်း(၉/၀) မိုင်တို့မှာ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ရွာတွင်းလမ်း(၃)လမ်းအနက် ကျေးရွာတွင်းလမ်း(၁/၀)မိုင်၊ဘုန်းကြီးကျောင်း အဝင်လမ်း(၀/၁)မိုင်တို့မှာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ သုသာန်သွားလမ်း (၇၀၀')မှာ မြေသားလမ်းအဖြစ် ဆောင်ရွက်ရန် လိုအပ်နေပါသည်။ကျေးရွာတွင် တရားနာဆောင်မရှိသဖြင့် အသုဘ တရားနာရာတွင် ကွင်းပြင်၌ နေဒဏ်၊မိုးဒဏ်တို့နှင့် တရားနာနေရသဖြင့် တရားနာဆောင်နှင့် သချိုင်းအဝင်လမ်းပြုလုပ်ရန် အထူးလို အပ် နေပါသည်။**

မိကျောင်းသိုက်ကျေးရွာအတွင်း ပေါင်းကူးတံတား ၊(၂၀)ပေ (၁)စင်း လိုအပ်လျက်ရှိပါ သည်။မီးကျောင်းသိုက် ဘန်ခါးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရေပြွန်(၁၁)စင်း လိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင် ချောင်းတဖက်၌ ဘုန်းကြီးကျောင်းနှင့် နေအိမ်များ ရှိနေပြီး ချောင်းကူ၂၄၀'ရှိ ချောင်းကူးဝါးတံတားမှာ ယာယီသာ အသုံးပြုရပြီး ခိုင်ခံ့မှု မရှိသဖြင့် သွားလာရခက်ခဲပြီး စားဝတ်နေရေး၊ကျန်းမာရေး၊ သာရေးနာရေးကိစ္စရပ်များ အတွက် အခက်အခဲ ရှိနေသောကြောင့် (နယ်စပ်ရေးရာနှင့်တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးဦး စီးဌာန)မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာနှစ်တွင် ချထားပေးရန် လျာထားပြီး ဖြစ်ပါသည်။

(ခ) **ကျေးရွာ မီးလင်းရေး**

မိကျောင်းသိုက်ကျေးရွာတွင် (နှ.တ.လ)ဦးစီးဌာနမှ ထောက်ပံ့ပေးသော ဆိုလာများကို အသုံးပြုလျှက်ရှိပြီး ၂၀၁၈-၂၀၁၉ခု၊ဘဏ္ဍာရေးနှစ် တွင်ကျေးလက်ဦးစီးဌာနမှတစ်အိမ်သုံးဆိုလာများ တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။

(ဂ) **သတင်းနှင့် ဆက်သွယ်ရေး**

မိကျောင်းသိုက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်များကို ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း တို့မှသာရရှိပါသည်။ (MPT,Telenor) **ဖုန်းတာဝါတိုင် ရရှိပါက အင်တာနက် ဖြင့် ပြည်တွင်းပြည်ပသတင်းများ အချိန်နှင့်တပြေးညီရရှိ၍ ခေတ်မီသော ကျေးရွာဖြစ်လာပါမည်ဟု မျှော်လင့်ပါသည်။**Top Screen **ဖုန်းများရှိ သော်လည်း မြို့ပေါရောက်မှသာ အသုံးပြုကြရပါသည်။**

၆။ ပညာရေး

မိကျောင်းသိုက်ကျေးရွာသည် အ.မ.ကကျောင်းဖြစ်ပါသည်/ အလယ်တန်း ပညာရေးကို (၈)မိုင်ခန့် ဝေးကွာသော ပုလောကုန်းကျောင်း၌လည်းကောင်း၊ အထက်တန်းကျောင်း ကို (၁၂)မိုင်ဝေးကွာသော ပုလောမြို့၌လည်းကောင်း ပညာသင်ကြားရပါသည်။ ကျေးရွာမှ မူလတန်းကျောင်းပြီးသွားသော ကျောင်းသူ/သားများသည် ကျောင်းဆက်တက်ရန် ရွာနှင့်လှမ်းဝေးသဖြင့် အခက်အခဲများရှိနေပါသဖြင့် မူလွန်ကျောင်းအဆင့်ခွင့်ပြုပေးရန် လိုအပ်နေပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ များ ဖြည့်တင်းပေးရန် လိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုးမှာ ကိုယ်ထူ ကိုယ်ထူစနစ်ဖြင့် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ကျောင်းသောက်သုံးရေမှာ လုံလောက်မှု ရရှိပါသည်။ အိမ်သာ(၂)ခန်းတွဲ (၁)လုံး၊(၁)ခန်းတွဲ (၁)လုံးရှိပြီး ကောင်းမွန်မှုရှိပါသေးသည်။

မိကျောင်းသိုက်ကျေးရွာတွင် စာမတတ်သူ (၁၂.၂၄%)ရှိပါသည်။ ကျေးရွာလူဦးရေ၏ (၅၁.၅၆%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ် တန်းအဆင့်အထိ တတ်မြောက်သူ (၇.၄၈%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၁.၇၆%)၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၁.၄၉%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှု တိုးတက် လာသောကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ် ကောင်းများ ဖြစ်လာ ကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မိကျောင်းသိုက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် သွားဖွါး ဆရာမမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကာကွယ်ဆေးထိုးခြင်း၊ ကလေးသူငယ် ကာကွယ် ဆေးတိုက်ကျွေးခြင်း၊အခြားစုပေါင်းကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရ ပညာ ပေး အစီအစဉ်များ ပြုလုပ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးလေ့ရှိပါသည်။

မိကျောင်းသိုက်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် သားဖွါးဆရာမ(၁)ဦးနှင့် ကြီးကြပ်(၁)ဦးရှိပါသည်။ ထိခိုက်နာတရအနည်းငယ်ဖြစ်ပါက ကျေးလက်ဆေးပေးခန်းတွင် ပြသ၍ ဆိုးဝါးသောရောဂါဖြစ်ပါက ပုလောဆေးရုံးကြီးသို့ သွားရောက်ကုသကြပါသည်။

မိကျောင်းသိုက်ကျေးရွာတွင် ချောင်းရေနှင့် စိမ့်စမ်းရေ ရရှိပါသဖြင့် ကျေးရွာတွင် ရေလုံလောက်မှုရှိပါသည်။မိကျောင်းသိုက်ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ် ထောင်စု (၁၁၉)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာတည်ဆောက်ရာတွင် မြေနေရာ လုံလောက်စွာမရှိခြင်းကြောင့် အိမ်သာများ မတည်ဆောက်ကြပါ။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိကျောင်းသိုက်ကျေးရွာမှ စိုက်ပျိုးမြေအသင့်အတင့်ရှိပါသည်။ သို့သော်လည်း ကြွက်၊တောရွှေ့တို့က နှစ်စဉ်နှစ်တိုင်းဝင်ရောက်ဖျက်ဆီးကြပါသည်။ စိုက်ပျိုးရေးနှင့် သောက်သုံး ရေက လုံလောက်မှုရှိပါသည်။အပင်မျိုးစိတ်များ၊ငါးမျိုးကွဲများ အခြားတိရိစ္ဆာန် မျိုးကွဲများတို့က ရေ:ယခင်ကထက် တဖြည်းဖြည်းနည်းပါးလာသည်ကို မြင်တွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊သစ်ပင်ရင်းဖုံးခြင်း အလေ့အကျင့်များကို တစ်ရွာလုံး လုပ်ဆောင် ကြပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မိကျောင်းသိုက်ကျေးရွာ စီမံခန့်ခွဲမှုအဝိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွ စွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြိမ်းဖက်မှုများ မရှိသော်လည်း အကြိမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာ များ အားနည်းကြပါသဖြင့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ မိကျောင်း သိုက်ကျေးရွာတွင် အပန်းဖြေအနားယူရန်အတွက် နေရာမရှိ သောကောင့် အားကစား ကွင်းများ ပြုပြင်ရန် အားပစ္စည်းများ ဝယ်ယူဖြည့်တင်းရန် လိုအပ်နေပါသည်။ ကျေးရွာတွင်

စာကြည့်တိုက်မရှိသဖြင့် လူငယ်များမှာလည်း စာဖတ်ခြင်းတွင် အားနည်းနေ သောကြောင့် စာပေဟောပြောပွဲများ အခါအားလျော်စွာ လိုအပ်နေပါသည်။လူငယ်များသည် ကာလ သား၊ကာလသမီး အဖွဲ့များ ဖွဲ့စည်း ကာ ကျေးရွာ၏ သာရေးနာရေး၊ကျေးရွာဖွံ့ဖြိုးရေး၊ ဘာသာရေး၊ပရဟိတလုပ်ငန်း များတွင် တစ်တပ်တစ်အား ပါဝင်ဆောင် ရွက်နေ သည်ကို တွေ့ရှိရပါသည်။မိမိတို့ တိုင်းရင်းသား ကရင်ရိုးရာ အက ၊စာပေတို့ ထိန်းသိမ်း ရာတွင် လူငယ်များသာဖြစ်ပါသည်။

၁၀။ မိကျောင်းသိုက်ကျေးရွာအုပ်စု၊ မိကျောင်းသိုက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေး **စီမံချက်လုပ်ငန်းများ**

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	သချိုင်းတရားနာဆောင် တည်ဆောက်ခြင်း(၃၀' x၂၀' x၁၂')	ပထမ
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	သုသန်လမ်း (၇၀၀' x၁၂'x ၆")အား မြေသားလမ်းသို့ အဆင့်မြှင့်တင်ခြင်း	ပထမ
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးရွာတွင်းလမ်း (၁) မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	ဒုတိယ
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	မီးကျောင်းသိုက် အထက်ထိခိုင် ကျေးရွာချင်းဆက်လမ်း (၃) ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း	တတိယ
၅	လူငယ်နှင့်အားကစား	အားကစားနှင့် ကာယပညာ ရုပ် ဆိုင်ရာ၊ အားကစားကွင်း၊ အားကစား ပစ္စည်း	အားကစားကွင်းပြုပြင်ရန်နှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း	
၆	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	မူလွန်ကျောင်းအဆင့် ခွင့်ပြုရန်	တင်ပြထားပြီး
၇	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းသုံး ပရိဘောဂများ ဝယ်ယူဖြည့်တင်းခြင်း	
၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ဘုန်းကြီးကျောင်းလမ်း (၁) ဖာလုံအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	မီးကျောင်းသိုက် -ရှမ်းသုံးထောင် ကျေးရွာချင်းဆက်လမ်း (၁) မိုင်အား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း	
၁၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	မီးကျောင်းသိုက် -ဘန်ခါး ကျေးရွာချင်းဆက်လမ်း (၉) မိုင်အား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း	
၁၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊	ကျေးရွာအတွင်း ပေါင်းကူးတံတား (၂၀) ပေ (၁)စင်း တည်ဆောက်ခြင်း	

		တံတား ဆောက်လုပ်ခြင်း		
၁၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	မီးကျောင်းသိုက် -ဘန်ခါး ကျေးရွာချင်းဆက်လမ်းတွင် ရေပြွန် (၁၁) ခု ပြုလုပ်ခြင်း	
၁၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ချောင်းကူးတံတား (၂၄၀) ပေအား ကွန်ကရစ်တံတား တည်ဆောက်ခြင်း	၂၀၁၈-၂၀၁၉ ဆောင်ရွက်ရန် လမ်းဦးစီး
၁၄	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး	စာပေဟောပြောပွဲများ ပြုလုပ်ခြင်း	
၁၅	မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	မွေးမြူရေးနည်းပညာ	မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း	
၁၆	လူငယ်နှင့်အားကစား	စီမံခန့်ခွဲမှုနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	
၁၇	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး သင်တန်းများ ပြုလုပ်ပေးခြင်း	
၁၈	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွါးရေးလုပ်ငန်းများဆိုင်ရာ	အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစားလုပ်ငန်းဆိုင်ရာများ	အသက်မွေးဝမ်းကျောင်းသင်တန်း(အပ်ချုပ်၊အသေးစားစက်ပြင်၊ အလှပြင်၊မုန့်လုပ်) သင်တန်း ပြုလုပ်ပေးခြင်း	

မိကျောင်းသိုက်ကျေးရွာ၊ မိကျောင်းသိုက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်နိုင်ဦး	ဦးငွေသင်	ဖ/ပလန(နိုင်) ၀၇၃၀၈၁	၃၁	နာယက	၀၉၄၉၈၈၁၀၀၁
၂	ဦးသန်းဌေး	ဦးစိန်မောင်	ဖ/ပလန(နိုင်) ၀၄၉၄၆၂	၄၁	ရပ်မိရပ်ဖ	-
၃	ဦးဝင်းရှိ	ဦးကျင်ထွန်းလာ	ဖ/ပလန(နိုင်) ၀၃၂၄၉၇	၆၃	ရပ်မိရပ်ဖ	-
၄	ဦးခင်ဝင်း	ဦးအမောင်း	၁၀/မဒန(နိုင်) ၁၆၂၈၆၀	၅၁	ရပ်မိရပ်ဖ	-
၅	ဦးငြိမ်းမောင်	ဦးစိန်ချစ်	ဖ/ပလန(နိုင်) ၀၃၂၃၈၇	၅၇	ရပ်မိရပ်ဖ	-
၆	ဦးသက်နိုင်	ဦးငွေသင်	ဖ/ပလန(နိုင်) ၀၄၄၈၂၅	၄၂	ဥက္ကဋ္ဌ	-
၇	ဦးအောင်နိုင်စိုး	ဦးစိုးဝင်း	ဖ/ပလန(နိုင်) ၁၁၀၈၅၆	၃၁	အတွင်းရေးမှူး	-
၈	ဦးတင်မျိုး	ဦးအောင်သက်	ဖ/ပလန(နိုင်) ၀၇၃၈၁၅	၃၂	ဘဏ္ဍာရေးမှူး	-
၉	ဒေါ်ယုလွင်	ဦးသာဇို	ဖ/ပလန(နိုင်) ၀၄၃၅၆၁	၅၇	စာရင်းကိုင် ၁	-
၁၀	ဒေါ်တင်ထွေး	ဦးကျင်ထွန်းလာ	ဖ/ပလန(နိုင်) ၀၈၂၂၇၇	၄၇	သေ့ကိုင်(၁)	-
၁၁	ဦးမျိုးနိုင်	ဦးထွန်းဝင်း	ဖ/ပလန(နိုင်) ၃၂၂၀၀၄	၂၈	သေ့ကိုင်(၂)	-
၁၂	ဦးဟန်ဝင်းအောင်	ဦးချစ်ရှိန်	ဖ/ပလန(နိုင်) ၀၈၉၃၈၃	၃၀	အဖွဲ့ဝင်	-
၁၃	ဦးဌေးဝင်း	ဦးလှရွှေ	ဖ/ပလန(နိုင်) ၀၈၉၃၄၅	၂၇	အဖွဲ့ဝင်	-
၁၄	ဦးကျော်ညွှန့်	ဦးလှိုင်တင်	ဖ/ပလန(နိုင်) ၀၈၉၃၇၉	၃၂	အဖွဲ့ဝင်	-

၁၅	ဦးစိုးချမ်း	ဦးအုန်းသင်	ဖ/ပလန(နိုင်) ၀၉၆၂၆၁	၂၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၉	၁၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၆	၄၂	၈၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၁	၄၄	၇၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၄	၄၃	၇၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၉	၂၂၂	၄၃၁
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၉	၂၈	၄၇
စုစုပေါင်း		**၃၄၇**	**၃၈၈**	**၇၃၅**
စုစုပေါင်း အိမ်ထောင်စု		**၁၂၆**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာသည် အိမ်ထောင်စု (၁၂၆)စု ၊ လူဦးရေ (၇၃၅)ဦး ရှိပါသည်။ မီးကျောင်းသိုက်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၃၁)%၊ ၅နှစ်အောက်ကလေးငယ်(၁၁.၉၇)%၊ မူလတန်း ကျောင်းသား အရွယ် (၁၀.၂၀)%၊ အလယ်တန်းကျောင်းသားအရွယ် (၁၀.၄၈)%၊ အလုပ်လုပ်နိုင်သည့်အရွယ် (၅၈.၆၄)%၊ သက်ကြီးရွယ်ကြီးအရွယ် (၆.၃၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၁၆.၈၇%)သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၈)ဦး နှုန်းရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်အား အခွင့်အလမ်းတစ်ခုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး(ဥယျာဉ်ခြံ)**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၈၀	၁၅၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၃၀	၂၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀		မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၂	၃	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၁၅	၅	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇	၇	-	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား/ကျပန်း /ရာသီအလိုက်အလုပ်သမား	၁၅	၂၄	၆၃	ကျဘမ်း/ထိုင်းနိုင်ငံ သွားရောက်လုပ်ကိုင်သူများ
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၂၆	၁၇၂	၂၄၂	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းကိုအဓိက ဦးစားပေး စိုက်ပျိုး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သား များအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း ခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အဝတ်ချုပ်ခြင်း စသည့် အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင် သည့် အိမ်ထောင်စု(၂၀)စုရှိပါသည်။ အခြားအသက်မွေး မှု နည်းပညာ များ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး သောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွား ရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါ သည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	–	၁၂၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာတွင် အများအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းခွင် တွင် ဝင်ရောက်လုပ်ကိုင်ကျပြီး လက်လီလက်ကားရောင်းဝယ်သူ အနည်းငယ်သာ လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ကျား၊မလုပ်အားခ နှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၃	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆၄၄.၅	ကောင်း ☐	သင့်☑	ညံ့ ☐
နှစ်ရှည်သီးနှံစိုက်ခင်း	၂၇၀	ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၆၇.၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာတွင် မိုးစပါးကို အဓိကထားလုပ်ကိုင်ကြပြီး တောင်ယာစပါးလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထို့အပြင်ဥယျာဉ်ခြံနှင့်နှစ်ရှည် လုပ်ငန်းများကို ကိုယ်ပိုင်လုပ်ကိုင်ကြပါသည်။ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့် သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်း တိုးတက် လာစေရန် စိုက်ပျိုးနည်း စနစ်များ၊ မြေဆီဩဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံး ရန် လိုအပ်နေပါ သည်။

(၈-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အနည်းငယ်ထွက်ရှိပါသည်။ တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ် ပါသည်။ သဘာဝ အပင်မျိုးစိတ်များ(ကာရဝေး၊ဂျာမနီ၊လောက်သေ၊သတ်ရင်ကြီး၊ ဖလံတောင်မွေး၊ ဆင်တုံးမန္တယ်) စသည့်ကျန်းမာ ရေးအတွက် အရေးပါသော ဆေးဖက်ဝင်သည့်အပင်များ ပေါက် ရောက်သည့် ဒေသ တစ်ခုဖြစ် ပါသည်။

(ဃ) **ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ဥယျာဉ်(၁၀ကော)	ဥယျာဉ် (၅-၁၀)ကော	ဥယျာဉ် (၁-၅)ကော	မရှိ
အိမ်အခြေအနေ	တိုက်၊သွပ်မိုး	ပျဉ်ထောင်	ပျဉ်ခင်း၊နဲမိုး	သစ်တိုင်၊ဝါး၊နဲမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	မြက်ရိတ်စက်	မြက်ရိတ်စက်	မြက်ရိတ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ကောင်း	မျှတ	အကြွေးရှိ	ကျဘန်း
အိမ်ထောင်စု	၂၅ အိမ်(၁၉.၈)%	၂၅အိမ်(၁၉.၈)%	၂၈အိမ်(၂၂.၂)%	၄၈အိမ်(၃၈.၁)%

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၁၉.၈%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၁၉.၈%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် စျေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ၎င်းအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) **ထိခိုက်လွယ်မှု**

(c-၁) **ဝမ်းစာဖူလုံမှု**

ဇယား (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)**

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၆ _____ လုပ်အားခကြိုယူ = ___၃_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ____၂_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၂_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ မိကျောင်းသိုက်ကျေးရွာ၏ ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စုပေါင်း၏ (၃၀%)အား စစ်တမ်းကောက်ယူမှုအရ ၎င်းအိမ်ထောင်စုများသည် လုပ်အားခကြိုယူခြင်း၊ ချေးယူခြင်း ဖြင့် မိသားစု အခက်အခဲများကို ဖြေရှင်း ကြပါသည်။

(c-၂) **ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိကျောင်းသိုက်ကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁)ရှိသော်လည်း အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ပိုင်းဝန်းကူညီ ကြပါသည်။

(c-၃) **ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိကျောင်းသိုက်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ထိရောက်လွယ်မှု မရှိသလောက်နည်းပါးပါသည်။သို့သော် သစ်တောပြုန်းတီးမှုကရှိနေပါသည်။ ကြက်နာ၊ဝက်နာ ရောဂါများလည်း နှစ်စဉ်ဖြစ်လေ့ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑ လတ်☐ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် ☑နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်☑မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်☑မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိကျောင်းသိုက်ကျေးရွာတွင် မိသားစုဆွေးမျိုးအစုလိုက်ဖြင့် ရွာတည်ထားသောကြောင့် စည်းလုံးညီညွတ်မှုရှိပါသည်။ဘေးအန္တရာယ်ကြုံလာပါက စုပေါင်း ဖြေရှင်းကြပါသည်။သို့သော် မိုးတွင်းချောင်းရေကြီးမှုကြောင့် တချို့နှစ်များတွင် ချောင်းနံဘေးရှိ အိမ်တချို့ရေးကြီးမှု ရှိသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိပါ။ကမ်းပြိုလျှင် အန္တရာယ်ရှိနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

